# နောင်တမဲ့စစ်အုပ်စုရဲ့ အမှောင်နေ့ရက်များ

## လွန်ခဲ့သည့် (၁၇) နှစ်နီးပါးက စတင်အာဏာသိမ်းခဲ့ချိန်မှစ၍ အရေးအကြီးဆုံး လမ်းဆုံလမ်းခွတခုသို့ စစ်အာဏာရှင်တွေ ရောက်နေခဲ့ပြီ။

LARRY JAGAN

စစ်အုပ်စုဟာ သူတို့ရဲ့အာဏာချုပ်ကိုင်မှု ပိုအားကောင်းလာအောင် ကြိုးစားနေဆဲမှာပဲ တိုးများလာတဲ့ နိုင်ငံတကာ အထီးကျန်မှုနဲ့ အတွင်းပိုင်းပဋိပက္ခတွေကို ရင်ဆိုင်နေရပါတယ်။ ရန်ကုန်မြို့တော်မှာ ပြီးခဲ့တဲ့လက ဖြစ်ပွားသွားခဲ့တဲ့ ဗုံးပေါက်ကွဲမှုတွေရဲ့နောက်ကွယ်က ကြိုးကိုင်တဲ့သူတွေကို မဖော်ထုတ်နိုင်ခဲ့တဲ့အတွက် ဗိုလ်ချုပ်တွေကို အကြပ်ရိုက်သွားစေခဲ့ပါတယ်။

ရန်ကုန်တမြို့လုံးလည်း လုံခြုံရေးတွေ အပြည့်ချထားပြီး ကုန်တိုက်ကြီးတွေ၊ ဈေးကြီးတွေနဲ့ ဟိုတယ်တွေမှာလည်း ဗုံးရှာဖွေစက်တွေ တပ်ဆင်ထားခဲ့ပါတယ်။ ရန်ကုန်မြို့ပြင်ထွက် လမ်းတွေတလျှောက်မှာလည်း ကီလိုမီတာ (၃၀) လောက်ခြားပြီး လမ်းပိတ်ဆို့ ရှာဖွေစစ်ဆေးတာတွေ လုပ်လာခဲ့ပါတယ်။

"အိပ်လို့လည်းမရပါဘူးဗျာ။ မှေးခနဲဖြစ်သွားတဲ့အချိန်မှာ စစ်သားတွေက ကားကိုရှာဖို့ ရပ်ခိုင်းပြီး ခရီးသည်တွေကို အတင်းဆင်းခိုင်းတော့ နိုးသွားပြန်ရော" လို့ မော်လမြိုင်ကနေ ရန်ကုန်ကို မကြာခင်ကမှသွားခဲ့တဲ့ ခရီးသည်တယောက်က မကျေမချမ်း ပြောခဲ့ပါတယ်။

ကော့သောင်-ရန်ကုန် လေယာဉ်ခရီးစဉ်တခုက ခရီးသည်အားလုံးကိုလည်း အာဏာပိုင်တွေက လေယာဉ်ပေါ်မှာ တယောက်ယောက် ဗုံးသယ်လာတယ်လို့ မသင်္ကာတဲ့အတွက် ဖမ်းဆီးခဲ့ပါတယ်။

ဒါ့အပြင်မှာ စစ်အစိုးရဟာ ဗိုလ်ချုပ်ခင်ညွန့်သား ပိုင်ဆိုင်ခဲ့တဲ့ ပုဂံဆိုင်ဘာတက်ကိုသုံးပြီး အင်တာနက်အသုံးပြုမှုတွေကိုလည်း ပိုပြီး တင်းတင်းကျပ်ကျပ် စောင့်ကြည့်လာခဲ့ပါတယ်။ အင်တာနက်ကွန်ယက် လုံခြုံရေးစနစ်ကို မြှင့်တင်လိုက်ပြီး စကားဝှက်တွေပါတဲ့ စာတွေကိုလည်း ပိတ်ပင်တားဆီးလိုက်တယ်လို့ ပုဂံဆိုင်ဘာတက်နဲ့ နီးစပ်သူတယောက်က ဆိုပါတယ်။ အသေအချာစစ်ဆေးရမယ့် စကားလုံးအရေအတွက်လည်း များလာပြီး အခုဆိုရင် ကရင်အမျိုးသားအစည်းအရုံး (KNU) နဲ့ အဝေးရောက် အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ (NCGUB) ပါ ပါဝင်လာပြီဖြစ်ပါတယ်။

ဗုံးတွေပေါက်ပြီးကတည်းကစပြီး နောက်ပိုင်းရက်တွေမှာလည်း ဗုံးအတုတွေ အများကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ရန်ကုန်မြို့ခံတယောက်ကတော့ သတင်းစာတွေသိပ်ထည့်ထားတဲ့ အိတ်တွေ အပါအဝင် ဗုံးတုတွေ အများကြီး ရုပ်ရှင်ရုံတွေအပြင်မှာ၊ ကုန်တိုက်ကြီးတွေ၊ ဟိုတယ်ကြီးတွေရဲ့အပြင်မှာ ထားသွားတာတွေ ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီနေရာတွေကို အာဏာပိုင်တွေ အပြေးအလွှားရောက်လာကြပြီး ရဲတွေနဲ့ ဝိုင်းရှာကြပါတယ်။

ရန်ကုန်မြို့ရဲ့ အဓိကကူးသန်းရောင်းဝယ်ရေးလုပ်တဲ့နေရာတွေမှာလည်း ဗုံးဖောက်ခွဲမယ်လို့ ခြိမ်းခြောက်ခံရမှုတွေ အများကြီးရှိခဲ့ပါတယ်။ စာတွေ၊ အီးမေးလ်တွေ အပို့ခံခဲ့ရပါတယ်။ ရွှေတိဂုံဘုရားနားက ယုဇနဟိုတယ်ဆိုရင်လည်း လွန်ခဲ့တဲ့သီတင်းနှစ်ပတ်လောက်က ဈေးဆိုင်တန်းတွေကို ဖောက်ခွဲပစ်မယ်လို့ ခြိမ်းခြောက်တဲ့စာ (၄၀) ကျော်ကျော်လောက် လက်ခံရရှိခဲ့ပါတယ်။ နိုင်ငံတကာသိကြတဲ့ မြို့လယ်ခေါင်က ကုန်သည်ကြီးများဟိုတယ်ကိုလည်း ပစ်မှတ်ထားခံခဲ့ရတယ်။ "ကျနော်တို့အားလုံး အရမ်းကိုကြောက်နေကြရတယ်" လို့ ဝန်ထမ်းတွေက ပြောပါတယ်။ အုပ်ချုပ်ရေးပိုင်းကတော့ ဒီခြိမ်းခြောက်မှုတွေကို အလေးထားကြရပါတယ်။ သူတို့တွေအနေနဲ့ လုံခြုံရေးအရ ဟိုတယ်ရဲ့ ညဝန်ထမ်းတွေကို ဟိုတယ်ကကားတွေနဲ့ ပို့ပေးတာမျိုး ထုံးစံမဟုတ်တာတွေကိုလည်း လုပ်ပေးခဲ့ရပါတယ်။

အာရှထောက်လှမ်းရေးသတင်းရပ်ကွက်တွေရဲ့ ပြောစကားအရ နောက်ထပ်ဗုံးတွေရှာတွေ့လို့ စနက်တံဖြုတ်ပစ်ခဲ့ရတာမျိုးတွေ ရှိခဲ့တဲ့လက္ခဏာတွေ တွေ့ရတယ်လို့ သိရပါတယ်။ ဒါပေမယ့် အစိုးရကတော့ အဲဒါနဲ့ပတ်သက်ပြီး ငြိမ်ချက်သားကောင်းနေခဲ့ရုံတောင်မကဘဲ အဲဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး သတင်းတွေအားလုံးကို ထိထိရောက်ရောက် အမှောင်ချထားခဲ့ပါတယ်။

စစ်အစိုးရက ဗုံးပေါက်ကွဲမှုမှာ သေဆုံးခဲ့သူ (၂၀) တောင်မရှိခဲ့ဘူးလို့ ပြောနေပေမယ့် စစ်ယူနီဖောင်းဝတ်တွေအပါအဝင် သေဆုံးခဲ့သူ (၆၀) ကျော်ကျော်ရှိခဲ့ပါတယ်။ ရန်ကုန်မြို့ရဲ့ ဗဟိုအချက်အချာနေရာတွေက ကုန်သွယ်မှုစင်တာတွေမှာ ဗုံးတွေပေါက်ကွဲခဲ့တာဟာ စစ်အစိုးရကို စိတ်အနှောင့်အယှက် ဖြစ်သွားစေခဲ့ပါတယ်။ ထိတ်လန့်တုန်လှုပ်သွားခဲ့တဲ့ စစ်ခေါင်းဆောင်တွေဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ ကျောင်းသားတွေနဲ့ စီအိုင်အေ (CIA) တို့ ထိုင်းတို့ကို စွပ်စွဲအပြစ်တင်လိုက်ပါတယ်။

မျက်မြင်သက်သေတွေရဲ့ ပြောဆိုချက်အရ ရန်ကုန်နဲ့ ကီလိုမီတာ (၁၀၀) လောက်ပဲဝေးတဲ့ ပဲခူးမြို့မှာ မွတ်ဆလင်ဘာသာဝင်တချို့ကို ရဲက အလိုရှိနေကြောင်း ပိုစတာတွေ တမြို့လုံးကပ်ထားတယ်လို့ သိရပါတယ်။

ဘင်္ဂလားဒေ့ရှ်နယ်စပ် ရခိုင်ပြည်နယ်က အများစုဖြစ်တဲ့ မွတ်ဆလင်ဘာသာဝင် (၅၀၀) ကျော်ကျော် အဖမ်းခံခဲ့ကြရတယ်လို့ ဒီမိုကရေစီရေး လှုပ်ရှားသူတွေက ဆိုပါတယ်။ ရန်ကုန်က မွတ်ဆလင်ဘာသာဝင် ကုန်သည်တချို့လည်း အဖမ်းခံခဲ့ကြရပါတယ်။

ဒါပေမယ့် စစ်တပ်ရဲ့ အရေးယူအပြစ်ပေးမှုတွေကို အတိုက်အခံ နိုင်ငံရေးလှုပ်ရှားသူတွေလည်း အများကြီးခံခဲ့ကြရပါတယ်။ ဒီမိုကရေစီထောက်ခံသူ နိုင်ငံရေးသမားတွေနဲ့ ကျောင်းသားကျောင်းသူ (၆၀၀) ကျော်ကျော် အဖမ်းခံခဲ့ကြရပါတယ်။

“စစ်အစိုးရဟာ ဗုံးပေါက်ကွဲမှုရဲ့နောက်ကွယ်မှာ ဘယ်သူရှိတယ်ဆိုတာနဲ့ပတ်သက်လို့ စမ်းတဝါးဝါး ဖြစ်နေတုန်းပဲ” လို့ ရန်ကုန်က အာရှသံတမန်တယောက်က ပြောခဲ့ပါတယ်။

စစ်အစိုးရ ထိပ်သီးခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတော့ စုံစမ်းစစ်ဆေးမှုတွေကို ထိန်းချုပ်ကိုင်တွယ်ထားပါတယ်။ ဒါပေမယ့် သူ လက်သပ်မွေးထားတဲ့ ရန်ကုန်တိုင်း တိုင်းမှူးနဲ့ တပ်မတော်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်မြင့်ဆွေက နေ့တဓူဝ စုံစမ်းစစ်ဆေးမှုတွေအားလုံးကို ရန်ကုန်အခြေစိုက် တပ်မ (၁၁) ရဲ့အကူအညီနဲ့ ဦးစီးဆောင်ရွက်နေတာပါ။

စစ်အစိုးရ ဗိုလ်ချုပ်တွေဟာ ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်တဲ့နေရာမှာ ရဲကို ယုံကြည်ပုံမရတဲ့အကြောင်း ထိုင်းထောက်လှမ်းရေးရပ်ကွက်က ဆိုပါတယ်။

တချိန်တည်းမှာပဲ အခု နေအိမ်အကျယ်ချုပ်ချခံနေရတဲ့ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ခင်ညွန့်ရဲ့ မိသားစုတွေနဲ့ သူ့ကိုထောက်ခံသူတွေကို ဆက်ပြီး ရှာဖွေဖမ်းဆီးနေပါတယ်။

သူ့ရဲ့သားနှစ်ယောက်ဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင် ရဲနိုင်ဝင်းနဲ့ စစ်တပ်အရာရှိ ဇော်နိုင်ဦးတို့ကတော့ ခြစားလောက်ကိုက်မှု စွဲချက်ပေါင်းများစွာနဲ့ တရားစွဲဆိုခံနေရပါတယ်။

မိသားစုနဲ့ နီးစပ်သူတွေရဲ့ အပြောအရ ဒီအပတ်နောက်ပိုင်း တရားရုံးက အဆုံးအဖြတ်ပေးတဲ့နေရာမှာ အပြစ်ရှိမယ်ဆိုရင် ထောင်ဒဏ်အနှစ် (၄၀၀) ကျော် အချခံရနိုင်ပါတယ်။ သိပ်မကြာတော့ခင်မှာပဲ ဗိုလ်ချုပ်ခင်ညွန့်ကိုယ်တိုင်လည်း တရားရင်ဆိုင်ရစရာရှိတယ်လို့ ယူဆစရာရှိပါတယ်။

လွန်ခဲ့တဲ့နှစ်လလောက်က ထောက်လှမ်းရေးထိပ်ပိုင်းအရာရှိဟောင်း (၄၀) ကျော်ဟာ ခြစားလောက်ကိုက်မှုနဲ့ တခြားစီးပွားရေးပြစ်မှုတွေအတွက် ထောင်ဒဏ်နှစ် ရာနဲ့ချီပြီး အချခံခဲ့ကြရပါတယ်။

စစ်အစိုးရဟာ အခု သူတို့တွေရဲ့ ဥစ္စာခနေ ပိုင်ဆိုင်မှုအားလုံးကို သိမ်းယူနေပါပြီ။ ထောက်လှမ်းရေးဟောင်းတွေနဲ့ နီးစပ်သူတွေရဲ့အဆိုအရ ထောက်လှမ်းရေးအရာရှိဟောင်းတွေရဲ့ မိသားစုတွေကို အိမ်တလုံး ကားတစီးစီပဲ ပိုင်ဆိုင်ခွင့်ပြုတယ်လို့ သိရပါတယ်။ သူတို့ဇနီးသည်တွေရဲ့ ရွှေငွေရတနာ လက်ဝတ်လက်စားတွေကိုလည်း အသိမ်းခံလိုက်ကြရပါတယ်။

ထောင်ပေါင်းများစွာရှိတဲ့ ထောက်လှမ်းရေးအရာရှိတွေနဲ့ သူတို့ရဲ့လက်ထောက်တွေ၊ ခြေလျင်တပ်သားတွေလည်း အလုပ်ဖြုတ်ခံခဲ့ကြရပါတယ်။ လူအတော်များများကတော့ ဗုံးပေါက်ကွဲမှုတွေရဲ့ နောက်ကွယ်မှာ ထောက်လှမ်းရေးဟောင်းတွေရှိတယ်လို့ ထင်မြင်ယူဆခဲ့ကြပါတယ်။ ဒါပေမယ့် ဖြစ်နိုင်ချေအတော်နည်းပါတယ်။

အဲဒီစစ်ထောက်လှမ်းရေးတွေကို အလုပ်ဖြုတ်ပစ်လိုက်တာနဲ့ ဗိုလ်ချုပ်ခင်ညွန့်နဲ့ သူ့လက်ထောက်တွေကို ဖြိုခွဲတိုက်ခိုက်မှုဟာ စစ်တပ်တခုလုံးကို တုန်လှုပ်ထိတ်လန့်သွားစေခဲ့ပါတယ်။

“ဒါဟာ ဇာတ်တူသားစားတာပဲပေါ့။ စစ်တပ်ဟာ သူ့ဇာတ်တူသား သူပြန်စားနေပြီ” လို့ အငြိမ်းစားစစ်အရာရှိတယောက်က ပြောခဲ့ပါတယ်။

ဒါဟာပဲ စစ်တပ်နဲ့အစိုးရကြားမှာ ခါးသည်းနာကျည်းမှုတွေကို ကြီးမားလာစေခဲ့ပါတယ်။

“တို့ ခုလုပ်နေတာကတော့ အပြစ်မရှိတဲ့သူတွေကို ထောင်ထဲဆွဲသွင်းနေတာပဲပေါ့ကွာ” လို့ ဗိုလ်ချုပ်ခင်ညွန့်ရဲ့ အကြီးတန်းစစ်ဗိုလ်ချုပ်တွေကို စစ်ဆေးရတဲ့ ရဲအရာရှိတယောက်က သူ့ရဲ့ မိသားစုကို ရင်ဖွင့်ခဲ့ပါတယ်။

အကြောက်တရားဟာ ရန်ကုန်မှာ ဘယ်တုန်းကနဲ့မှမတူအောင် ဖုံးလွှမ်းနေပါတယ်။ “လူတိုင်း ဘာမှမပြောရဲအောင် ကြောက်နေကြတယ်။ စီးပွားရေးသမားတွေလည်း ငြိမ်ကုတ်နေတာပဲ။ ထိပ်ပိုင်းရဲအရာရှိကြီးတွေလည်း အသာဝပ်နေပြီး နိုင်ငံအထက်ပိုင်းကို ရွှေ့ရဖို့ ကြိုးစားနေကြတယ်” လို့ စစ်အစိုးရနဲ့နီးစပ်တဲ့ နိုင်ငံခြားစီးပွားရေးသမားတယောက်က ပြောပါတယ်။

စီးပွားရေးသမားအတော်များများလည်း အဖမ်းခံခဲ့ကြရပြီး အင်းစိန်ထောင်ထဲမှာ အစစ်ဆေးခံနေကြရပါတယ်။

ဗုံးပေါက်ကွဲပြီးကတည်းက ရန်ကုန်ဟာ ထူးထူးခြားခြား ထိတ်လန့်ရှင်းလင်းသွားပါတယ်။ မဆိုစလောက်လူနည်းစုပဲ စူပါမတ်ကက်တွေမှာ ဈေးဝယ်တာ၊ စားသောက်ဆိုင်မှာစားတာ၊ ပါတီတက်တာရှိပါတယ်။ တက်စီကားသမားတွေဆိုလည်း ပုံမှန်ဖောက်သည်မရှိသလောက် ဖြစ်သွားတဲ့အတွက် ညည်းညူနေကြပါတယ်။ ဗိုလ်ချုပ်ဈေးဆိုင်ခန်းတော်တော်များများလည်း ပိတ်ထားကြပြီး ဈေးထဲလျှောက်သူတွေ မရှိသလောက် ဖြစ်နေပါတယ်။

မြန်မာအများစုကတော့ ဒီအခြေအနေဟာ ၁၉၈၈ ခု ဒီမိုကရေစီဆန္ဒပြပွဲကြီးမတိုင်ခင်က အခြေအနေမျိုးနဲ့ တထပ်တည်းပဲလို့ ယုံကြည်နေကြပါတယ်။

“မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တခုကျော်ကျော်က အရှေ့ဥရောပ အာဏာရှင်နိုင်ငံတွေမှာလိုပဲ ပြည်တွင်းပြိုကွဲပျက်စီးမှုတွေ ဖြစ်သွားနိုင်တယ်” လို့ ရန်ကုန်က အကြီးတန်းဥရောပသံတမန်တယောက်က ပြောကြားသွားခဲ့ပါတယ်။ ■

8th June ၂၀၀၅ နေ့ထုတ် Bangkok Post သတင်းစာ Opinion & Analysis ကဏ္ဍမှ Larry Jagan ရဲ့ ‘Dark days amid relentless Junta Crackdown’ ဆောင်းပါးကို စိုးနေလင်း ဘာသာပြန်ဆိုပါသည်။